GOOD PRACTICE GUIDE

မြန်မာနိုင်ငံတွင် E-COMMERCE လက်ခံသုံးစွဲမှုကို အရှိန်မြှင့်တင်ခြင်း

# အွန်လိုင်းမှ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ဆောင်မှုများပေးခြင်း

## သင်၏စီးပွားရေးကို အွန်လိုင်းစနစ်သို့ ကူးပြောင်းနည်းလမ်းညွှန်



COMMERCE

tradeWorthy

Australian Aid

# ဥယျောဇဥ်

## ဦးအောင်ထူး၊ ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမှာစကား




ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက ကုန်စည်နှင့်ဝန်ဆောင်မှုများကို E-Commerce အသွင်ကူးပြောင်း ရောင်းချရာတွင် ကူညီပေးနိုင်ဖို့ ရည်မှန်းချက်တူညီသူများနှင့် လက်တွဲဆောင်ရွက်ရတာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက များစွာဝမ်းမြောက်ဂုဏ်ယူပါတယ်။

မြန်မာနိုင်ငံအစိုးရဟာ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) မှာ E-Commerce အသုံးပြုရောင်းဝယ်ခြင်းများနှင့် ဆန်းသစ်တီထွင်မှုများကို အလေးပေးဖော်ပြထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ ရောင်းချသူများနှင့် စားသုံးသူများက E-Commerce လက်ခံသုံးစွဲမှု မြင့်တက်လာခြင်းဟာ လုပ်ငန်းများ မှတ်ပုံတင်ဆောင်ရွက်မှုများပြားလာစေခြင်း ၊ ပိုမိုကောင်းမွန်သော အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်ငွေကြေးကဏ္ဍကို တည်ဆောက်နိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအား ဒီဂျစ်တယ်အသွင်ဖြစ်ပေါ်နိုင်ခြင်း ကဲ့သို့သော အကျိုးကျေးဇူးများစွာကို ဖြစ်ပေါ်လာစေပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ သက်ရောက်မှုများမှ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့် အနာဂတ်မှာ ဖြစ်ထွန်းတိုးပွားလာစေရန်လည်း E-Commerce က အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိပါတယ်။

ယခုထုတ်ဝေတဲ့ စီးပွားရေးကို အွန်လိုင်းစနစ်သို့ ကူးပြောင်းနည်းလမ်းညွှန် (Good Practice Guides – GPG) လေးခုဟာ ဦးစားပေးကဏ္ဍများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက အစိုးရ၏ စည်းမျဉ်းများ၊ ကောင်းမွန်သော လုပ်ငန်းဆိုင်ရာ အလေ့အထများ (Good Industry Practices) နှင့်အညီ ကုန်စည်နှင့်ဝန်ဆောင်မှုများ အွန်လိုင်းသို့ ကူးပြောင်းရောင်းချရာမှာ အစီအစဉ်ကောင်းများချမှတ်နိုင်ရေးနှင့် စတင်ဆောင်ရွက်နိုင်ရေး အထောက်အပံ့ကောင်းတစ်ခုဖြစ်စေရန် ရည်ရွယ်ပါတယ်။ ဤလမ်းညွှန်များဟာ မြန်မာနိုင်ငံရှိ လူသိများတဲ့ E-Commerce လုပ်ငန်းများရဲ့ အချက်အလက်ပံ့ပိုးပေးမှုဖြင့် ပြင်ဆင်ထားခြင်းဖြစ်ပြီး ဒီဂျစ်တယ်စီးပွားရေးသို့ ကူးပြောင်းနိုင်ရေး အစိုးရရဲ့ မျှော်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အသုံးဝင်တဲ့နည်းလမ်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်း E-Commerce ရရှိသုံးစွဲမှုကို အရှိန်မြှင့်တင်နိုင်ရေး အထောက်အပံ့ပေးသည့်အတွက် ဩစတြေးလျနိုင်ငံအစိုးရကို များစွာ ကျေးဇူးတင်ရှိပါတယ်။

## ယခုအချိန်သည် မြန်မာနိုင်ငံတွင် အွန်လိုင်းစနစ် ကူးပြောင်းရန် အကောင်းဆုံးအချိန်ဖြစ်သည်။

ကိုဗစ် - ၁၉ ကပ်ရောဂါသည် ကျွန်ုပ်တို့၏ ကုန်ပစ္စည်းရောင်းဝယ်ခြင်းနှင့် ဝန်ဆောင်မှုပေးအပ်ခြင်း နည်းလမ်းအပေါ် အဓိကသက်ရောက်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယာဉ်မောင်းသူများနှင့် အိမ်တိုင်ရာရောက် သယ်ပို့ဝန်ဆောင်မှုပေးသူများအတွက် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းသစ်များလဲ ပေါ်ပေါက်လာသည်။

ကုန်စည်များရွှေ့လျားပို့ဆောင်မှုသည် အရေးပါသောအခွင့်အလမ်းတစ်ခုဖြစ်လာသည်။ တစ်ကမ္ဘာလုံးရှိ အခြားသူများနည်းတူ မြန်မာနိုင်ငံရှိ လူများသည်လည်း ပူပူနွေးနွေးအသင့်ချက်ပြီး စားဖွယ်ရာများမှသည် စားသောက်ကုန်စုံများ၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းအထိ အခြေခံကုန်စည်များကို ဝယ်ယူရန် အွန်လိုင်းစနစ်ကို ပြောင်းလဲအသုံးပြုလာသည်။ ထို့အတွက် ထိုကုန်စည်များ ဝယ်ယူသူများထံ မြန်ဆန် သေချာစွာ ရောက်ရှိစေရန် လိုအပ်လာပါသည်။ အီလက်ထရွန်နစ်အသုံးပြုရောင်းဝယ်ခြင်းနှင့် စမတ်ဖုန်းအသုံးပြုမှု များပြားလာသည်နှင့်အမျှ ကုန်ပစ္စည်းများကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရေး လိုအပ်ချက်သည်လည်း မြန်ဆန်စွာ ကြီးထွားလာသည်။ မြန်မာနိုင်ငံရှိ လူ ၁၀၀ လျှင် မိုဘိုင်းဖုန်းစာရင်းသွင်းမှု ၁၂၆ ခုရှိသည်ဟု Wearesocial/Hootsuite Q1 2020 အရ သိရသည်။ အွန်လိုင်းကတစ်ဆင့် အစားအစာများနှင့် စားသောက်ကုန်များကို သက်တောင့်သက်သာဝယ်ယူသည့်အလေ့အထသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိုမိုတွင်ကျယ်လာခဲ့ပြီး ကိုဗစ်အလွန်ကာလတွင်လည်း ဤအလေ့အထသည် ဆက်လက်ကြီးထွားလာနိုင်ချေရှိပါသည်။

မြို့တွင်း (သို့) မြို့တစ်မြို့နှင့်တစ်မြို့အကြား လူအများ သွားလာမှုသည် အခြားအခွင့်အလမ်း တစ်ခုဖြစ်သည်။ ပိုမိုလုံခြုံသော၊ ပိုမိုသန့်ရှင်းသော၊ ပိုမိုထိရောက်သော ခရီးပို့ဆောင်ရေးလုပ်ငန်းများအဖြစ် တစ်စတစ်စ ပြောင်းလဲတိုးတက်စေရန် အင်တာနက်ကလည်း အဓိကနေရာတွင် လုပ်ဆောင်ပေးသည်။ လူများ (နှင့် ကုန်စည်များ) ကို တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရန် အတွေ့အကြုံရှိ ယာဉ်မောင်းအများအပြားကို အသစ်ပေါ်ပေါက်လာသော အွန်လိုင်းပလက်ဖောင်းများက လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် ဤအချိန်သည် အွန်လိုင်းစနစ်သို့ ကူးပြောင်းရန် အကောင်းဆုံးဖြစ်သည်။ ဤလမ်းညွှန်တွင် သင့်လုပ်ငန်းအား အွန်လိုင်းစနစ်သို့ကူးပြောင်းရာတွင် ပြုလုပ်ရမည့် အဓိကရွေးချယ်မှုများနှင့် အောင်မြင်စေရန် အထောက်အကူဖြစ်စေသည့် လက်တွေ့အသုံးချ အကြံပြုချက်များကို ဖော်ပြသွားပါမည်။

# အွန်လိုင်းစနစ်သို့ကူးပြောင်းရန် မည်သို့စီစဉ်ရမည်နည်း။

ကိုဗစ်- ၁၉ ကပ်ရောဂါသည် ခရီးသွားလာရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့ပြီး ဆိုက်ကား၊ အငှားကားနှင့် အခြားယာဉ်များကို မောင်းနှင်သူများ၏ ဝင်ငွေကို လျော့နည်းစေသည်။ အကယ်၍ သင်သည် အတွေ့အကြုံရှိယာဉ်မောင်းတစ်ဦးဖြစ်ပြီး မှတ်ပုံတင်ပြီးယာဉ်တစ်စီး ရယူသုံးစွဲနိုင်သည့် စွန့်ဦးတီထွင်လိုစိတ်ရှိသူတစ်ဦးဖြစ်ပါက သင့်အနေနှင့် ဝင်ငွေရလမ်းအသစ်များကို ရှာဖွေနိုင်ရန် တွေးတောကြံဆနိုင်ပါသည်။

လူအများအသုံးပြုမှု များပြားလာသည့် အငှားယာဉ်မောင်းများ ပါဝင်သော အင်တာနက်စီးပွားရေးလုပ်ငန်းအမျိုးအစားတစ်ခုမှာ **'ခရီးသည်တင်အငှားကားဝန်ဆောင်မှုအပလီကေးရှင်း'** (Ride-hailing App) ပင် ဖြစ်ပြီး ထိုအပလီကေးရှင်းမှတစ်ဆင့် အများအားဖြင့် မြို့တွင်းခရီးစဉ်များအတွက် ခရီးသည်များနှင့် ယာဉ်မောင်းများအား ချိတ်ဆက်ရှာဖွေပေးနိုင်ပါသည်။ ယခုအချိန်တွင် ထိုဝန်ဆောင်မှုလုပ်ငန်းများသည် အစားအသောက်နှင့် စားသောက်ကုန်ပို့ဆောင်ခြင်း ကဲ့သို့သော နယ်ပယ်သစ်များကို တိုးချဲ့နေပြီဖြစ်သည်။ အစားအသောက်၊ စားသောက်ကုန်စုံ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများကို အွန်လိုင်းတွင် ရောင်းချခြင်းနှင့် သယ်ပို့ဝန်ဆောင်မှုပေးခြင်းကိုသာ တစ်စိုက်မတ်မတ်လုပ်သည့် အီလက်ထရွန်နစ်အသုံးပြုရောင်းဝယ်ရေးလုပ်ငန်းများလည်းရှိသည်။ ယင်းလုပ်ငန်းအများအပြားသည် အိမ်တိုင်ရာရောက် ပစ္စည်းသယ်ပို့ဝန်ဆောင်မှုပေးသည့်ယာဉ်မောင်းများအပေါ် မှီခိုရသည်။ ယင်း 'သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းများ' နှင့်ချိတ်ဆက်လုပ်ကိုင်ခြင်းသည် အပိုဝင်ငွေရှာနိုင်မည့် အခွင့်အလမ်းတစ်ခု ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။

ဥပမာဇာတ်လမ်း

## ယုယု စားသောက်ကုန်ပစ္စည်းများအား ပို့ဆောင်ခြင်း။

ယုယုသည် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုတွင် အမျိုးသမီးခရီးသွားအဖွဲ့များကို ဘုရားဖူးပို့ဆောင်ပေးရသော ယာဉ်မောင်းတစ်ဦးဖြစ်သည်။ လွန်ခဲ့သောသုံးနှစ်က သူမတို့မိသားစုသည် van ကားအသေးတစ်စီးဝယ်ဖြစ်ခဲ့သောကြောင့် သူမ၏ကလေးများကို နေ့စဉ် ကျောင်းသို့ လုံခြုံစွာ ပို့ပေးနိုင်ရုံသာမက အပိုဝင်ငွေလည်းရှာဖွေနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်ပခရီးသွားများ သိသိသာသာနည်းပါးသွားပြီး ခရီးသွားလုပ်ငန်းကုမ္ပဏီသည်လည်း သူမအား မလိုအပ်တော့ပေ။

အနီးအနားတဝိုက်ရှိ ကျောင်းများနှင့် ကုမ္ပဏီများသို့ ရောင်းချသည့် စားသောက်ကုန်သယ်ပို့ဝန်ဆောင်မှုလုပ်ငန်းများတွင် စာရင်းပေးဝင်ရောက်လုပ်ကိုင်ရန် သစ်သီးနှင့်ဟင်းသီးဟင်းရွက်အရောင်းဆိုင်တွင် အလုပ်နေသည့် သူမ၏ခင်ပွန်း ကိုသုတက သူမကို အကြံပေးခဲ့သည်။ သူ၏အကူအညီဖြင့် ယုယုသည် လုပ်ငန်းစတင်ရန် လိုအပ်သည့် အချက်အလက်များ အားလုံးကို ပြင်ဆင်ခဲ့သည်။

ဥပမာဇာတ်လမ်း

## ဝေဖြိုးက အငှားကားဝန်ဆောင်မှုအပလီကေးရှင်းတစ်ခုနှင့် ချိတ်ဆက်ခြင်း။

ဝေဖြိုးသည် ရန်ကုန်မြို့ရှိ ဧည့်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုတွင် အလုပ်လုပ်နေသည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်သည်။ သူ့အလုပ်မှာ နာမည်ကြီးဟိုတယ်တစ်ခုတွင် ဧည့်ကြိုကောင်တာဝန်ထမ်းဖြစ်သည်။ ထိုဟိုတယ်တွင် နှစ်များစွာ လုပ်ကိုင်ပြီးနောက် လစာကောင်းသဖြင့် အိမ်နှင့်ကားပါ ဝယ်ယူနိုင်ခဲ့သည်။ သူသည် ကမ္ဘာအနှံ့မှ ဧည့်သည်များနှင့်တွေ့ဆုံရသည်ကို သဘောကျနှစ်သက်ပြီး မြန်မာ့အမွေအနှစ်များနှင့် ပတ်သက်၍ ဂုဏ်ယူသူပီပီ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ရမည်များနှင့် သွားရောက်လေ့လာရမည့် နေရာများနှင့်စပ်လျဉ်း၍ အကြံပြုချက်များပေးရသည်ကို ကြိုက်နှစ်သက်သည်။

ဝေဖြိုးသည် မိသားစုကို ချစ်ခင်သူတစ်ဦးဖြစ်ပြီး သူ့ဇနီး မသီတာ၏ ပျော်တတ်သော ခင်ပွန်း၊ သမီးသုံးယောက်၏ ဂုဏ်ယူရသော အဖေဖြစ်သည်။ ဧည့်ဝန်ဆောင်မှုလုပ်ငန်းအတွေ့အကြုံများမှ နိုင်ငံခြားဘာသာစကား တတ်မြောက်ခြင်း၏ အရေးပါပုံကို သိရှိခဲ့သဖြင့် သမီးများ၏ အနာဂတ်တောက်ပစေရန် သူမတို့၏ပညာရေးတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး တရုတ်နှင့် အင်္ဂလိပ်ဘာသာစကားတို့ကို လေ့လာသင်ယူစေသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်းရပ်ဆိုင်းသွားပြီး ၎င်းအလုပ်လုပ်သော ဟိုတယ်ပိတ်သွားသဖြင့် ဝေဖြိုးလည်း အလုပ်လက်မဲ့ဖြစ်ရတော့သည်။

ခရီးသွားလုပ်ငန်းများ၏အကျပ်အတည်းကာလအတွင်း ကိုယ်ပိုင်ကားကို အသုံးပြု၍ ဝင်ငွေရှာဖွေရန် ဝေဖြိုး၏ညီက အကြံပေးခဲ့သည်။  ဟိုတယ်အလုပ်ပြန်မဝင်နိုင်ခင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုနှင့် ရန်ကုန်မြို့အကြောင်းနှံ့စပ်မှုတို့ကို အသုံးပြု၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနိုင်သည့်နည်းလမ်းကောင်းတစ်ခု ဖြစ်လာနိုင်သည်။ ထို့အတွက် သူ့ညီ၏ အကူအညီဖြင့် အငှားကားဝန်ဆောင်မှုအပလီကေးရှင်းတစ်ခုတွင် မှတ်ပုံတင်ရာ၌ လိုအပ်သည့် အချက်အလက်များအားလုံးကို ကောင်းမွန်စွာ ပြင်ဆင်ပြီး တက္ကစီယာဉ်မောင်းတစ်ဦးဖြစ်လာစေရန် စာရင်းသွင်း လျှောက်ထားသည်။



# ခရီးပို့ဆောင်ရေး/သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းကို မည်သို့ ရွေးချယ်ချိတ်ဆက်မည်နည်း။

သင်သည် ခရီးပို့ဆောင်ရေး သို့မဟုတ် သယ်ပို့ဝန်ဆောင်မှု အွန်လိုင်းပလက်ဖောင်းတစ်ခုကို ချိတ်ဆက်ရန် ရှာဖွေနေလျှင် အောက်ပါမေးခွန်းများကို အလေးပေးစဉ်းစား၍ ရွေးချယ်စရာများကို နှိုင်းယှဉ်နိုင်သည်-

၁ သင်၏နယ်မြေအတွင်း မည်သည့်သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းများ ရှိသနည်း။

၂ ယာဉ်မောင်းများအတွက် ပလက်ဖောင်းတွင် လုပ်ကိုင်ရန် မည်သည့်ယာဉ် အမျိုးအစားနှင့် အတွေ့အကြုံ လိုအပ်သနည်း။

၃ ပလက်ဖောင်းများနှင့်ချိတ်ဆက်ရာတွင် မည်မျှကုန်ကျမည်နည်း။

၄ အွန်လိုင်းပေါ်တွင် လုပ်ကိုင်နိုင်ရေး ပလက်ဖောင်းက မည်ကဲ့သို့ ထိရောက်စွာ ထောက်ပံ့ပေးနိုင်သလဲ။ အခြားအကူအညီပေးနိုင်သူ ရှိပါသလား။

၅ ထိုပလက်ဖောင်း၏ ငွေပေးချေမှုသတ်မှတ်ချက်များ မည်သို့ရှိသနည်း။

၆ ပလက်ဖောင်းက သင့်ကို ငွေဘယ်လိုပေးချေမလဲ၊ ဘယ်လောက်မြန်မြန် ပေးချေမလဲ။

သို့သော် သတိပြုရမည်မှာ ထိုကဲ့သို့သောလုပ်ငန်းများသည် လေ့ကျင့်ထားသော၊ စည်းကမ်းလိုက်နာသော၊ နည်းပညာနှင့် သုံးစွဲသူများ ပါဝင်သည့်လုပ်ထုံးလုပ်နည်းအသစ်များကို သင်ယူလိုစိတ်ရှိသော ယာဉ်မောင်းများကိုသာ လိုအပ်သည်။ သို့မှသာ လုပ်ရန်တာဝန်ရှိသည်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်။

## အွန်လိုင်း ခရီးပို့ဆောင်ရေးနှင့် သယ်ပို့ပလက်ဖောင်းတစ်ခုတွင် မှတ်ပုံတင်ခြင်း

ခရီးပို့ဆောင်ရေး/သယ်ပို့ဝန်ဆောင်မှု အပလီကေးရှင်းများတွင် ပို့ဆောင်ရေးပါတနာ (Transportation Partner) အဖြစ် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် ပလက်ဖောင်းတိုင်းအတွက် ဆင်တူဖြစ်ပြီး ပါတနာကိုယ်ရေးအကျဉ်းပြုလုပ်ရန် သင်နှင့် သင်အသုံးပြုမည့်ယာဉ်၏ အချက်အလက်များ လိုအပ်ပါသည်။ အခြေခံအားဖြင့် မှတ်ပုံတင်ရာတွင် အောက်ပါလုပ်ငန်းစဉ်များ ပါဝင်လေ့ရှိသည်-

၁

သင့်စမတ်ဖုန်းထဲကို ပါတနာလုပ်မည့်လုပ်ငန်း၏ အပလီကေးရှင်းကို ထည့်သွင်းပါ။ ပို့ဆောင်ရေးပါတနာတစ်ဦးအဖြစ် ချိတ်ဆက်ရန် များသောအားဖြင့် ‘ယာဉ်မောင်း’ သီးသန့် အပလီကေးရှင်းများ (သို့) ကုမ္ပဏီသို့ ဆက်သွယ်ရန်အတွက် သုံးစွဲသူအပလီကေးရှင်းတွင် လင့်ခ်များ ရှိသည်။

၂

ခရီးပို့ဆောင်ရေး/သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်း၏ လိုအပ်ချက်အပေါ် မူတည်၍ အောက်ပါအချက်များကဲ့သို့သော ကနဦးမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်ရန် လိုအပ်ပါလိမ့်မည်-

- အမည်
- ဓာတ်ပုံ (မိမိဖုန်းဖြင့် selfie ရိုက်ပါ)
- ဖုန်းနံပါတ်
- အီးမေးလ် (မဖြစ်မနေ ဖြည့်ရန်မလို)
- ယာဉ်မောင်းလိုင်စင်နံပါတ်
- ယာဉ်အမျိုးအစား (ဆိုက္ကား၊ မော်တော်ကား၊ SUV ကား၊ Van ကားအသေး)
- ယာဉ်၏ မော်ဒယ်/ အရောင်/ ထုတ်လုပ်သည့်နှစ်/ ဓာတ်ပုံ
- ယာဉ်နံပါတ်
- ခရီးသည်ထိုင်ခုံအရေအတွက်
- ယာဉ်မောင်းလိုင်စင်၏ဓာတ်ပုံ (အရှေ့နှင့်အနောက်)
- ရဲစခန်းထောက်ခံစာ
- အထူးအချက်အလက်များ (Aircon ရှိမှု၊ အိမ်မွေးတိရစ္ဆာန်ယူဆောင်ခွင့်ပြု/မပြု၊ မသန်စွမ်းသူများအတွက်ပံ့ပိုးမှုများ၊ အပိုခရီးဆောင်အိတ်ထားရန်နေရာ၊ ဆေးလိပ်သောက်ခွင့်ရှိ/မရှိ၊ ကလေးထိုင်ခုံ အစရှိသဖြင့်)

၃

ကုမ္ပဏီကပေးသည့် အဆင့်အလိုက်ဝန်ဆောင်မှုသဘောတူညီချက်ကို လက်ဝယ်ရရှိခြင်း၊ ပြန်သုံးသပ်ခြင်းနှင့် လက်ခံသဘောတူခြင်းတို့ ပါဝင်သည်။ အောက်ပါတို့ကို အထူးဂရုပြုပါ-

- မှတ်ပုံတင်ကြေး
- ကော်မရှင်နှုန်းထား (Take Rate ဟုလည်းခေါ်သည်) နှင့် ပုံသေဖြစ်သည့် ဘွတ်ကင်နှုန်းထားများ
- ငွေပေးချေမှုသတ်မှတ်ချက်များနှင့် နည်းလမ်းများ
- စီးနင်းမှုဖျက်သိမ်းခြင်းသတ်မှတ်ချက်များ
- သဘောတူညီချက်ဖျက်သိမ်းခြင်းသတ်မှတ်ချက်များ
- နေ့ဆိုင်းနှင့် ညဆိုင်း ရရှိနိုင်သည့်နှုန်းထားများ (ဂိတ်ကြေး၊ အနည်းဆုံးနှုန်းထား၊ ကီလိုမီတာအလိုက် ကောက်ခံနှုန်း၊ မိနစ်အလိုက် ကောက်ခံနှုန်း)
- ဝန်ဆောင်မှုတွင် ပါရှိရမည့် စံလိုအပ်ချက်များ၊ (ပလက်ဖောင်းများအကြား သိသိသာသာ ကွဲပြားနိုင်ပြီး သင်ဝန်ဆောင်မှုပေးသည့် ပို့ဆောင်ရေး (သို့) သယ်ယူပို့ဆောင်မှု အမျိုးအစားအပေါ် မူတည်မည်)
- ပို့ဆောင်ရေးဝန်ဆောင်မှုပေးရာတွင် သင်နှင့်သင်၏ယာဉ်က ဘေးကင်းမှုနှင့် လုံခြုံမှုကို ပေးနိုင်ကြောင်း သေချာစေမည့် လုံခြုံမှုနှင့် စည်းကမ်းလိုက်နာမှုကြည့်ရှုစစ်ဆေးခြင်းများ၊
- အာမခံအတွက် လိုအပ်ချက်များ
- ခရီးဆိုက်ရောက် လက်ငင်းငွေပေးချေမှု (COD) အတွက် စည်းမျဉ်းများ

၄

(ခရီးသည်တင်အငှားယာဉ်မောင်းများအတွက်သာ) အွန်လိုင်းအငှားကားဝန်ဆောင်မှုပလက်ဖောင်းက တင်ထားသည့် သင်၏ကိုယ်ရေးအကျဉ်းကို ပြန်လည်ဆန်းစစ်ပါ။ အချက်အလက်များအားလုံး မှန်ကန်ပါစေ။

၅

လူကိုယ်တိုင် သင်တန်းပေးရန် (သို့) ဖုန်းဖြင့်သင်ကြားပေးရန် လိုအပ်လျှင် တောင်းဆိုပါ။

၆

သင်၏ဝင်ငွေတိုးပွားရန် စတင်ဆောင်ရွက်နိုင်ပြီ။

ဥပမာဇာတ်လမ်း

### ဝေဖြိုး အချိန်တိုအတွင်း အလုပ်တွေ အများကြီးရပြီ။

ဝေဖြိုးသည် တစ်ပတ်မပြည့်မီပင် အွန်လိုင်းအငှားကားဝန်ဆောင်မှုမိုဘိုင်းအပလီကေးရှင်းနှစ်ခုတွင် အောင်မြင်စွာ မှတ်ပုံတင်နိုင်ခဲ့သည်။ လုံခြုံစိတ်ချရမှုနှင့် စည်းကမ်းလိုက်နာမှုရှိ/မရှိ စစ်ဆေးခံပြီးနောက် ပထမဆုံးနေ့တွင်ပင် ရန်ကုန်မြို့အနှံ့ ယာဉ်ပြေးဆွဲခြင်းဖြင့် အလုပ်များနေတော့သည်။ သူ၏ဖုန်းထဲမှတစ်ဆင့် ခေါ်ဆောင်ရမည့်/ပို့ဆောင်ရမည့်နေရာများနှင့် ခရီးစဉ်အသေးစိတ်ပါရှိသော ဘွတ်ကင်အသိပေးချက်များကို သူ့စမတ်ဖုန်းတွင် လက်ခံရရှိသည်။ ဝေဖြိုးအား သူ၏ကားကို အသုံးပြု၍ နေ့စဉ်ဝင်ငွေရှာနိုင်ရန် အွန်လိုင်းအငှားကားဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းက ကူညီနိုင်ခြင်းဖြစ်သည်။

ခရီးသည်များအတွက် ဖုန်းဖြင့် တက္ကစီမောင်းသူ ကြိုတင်ခေါ်ယူရခြင်းက ပိုမိုအဆင်ပြေသည်ကို သိရှိနားလည်သောကြောင့်  ဝေဖြိုးသည် ဘွတ်ကင်များများရရန်နှင့် ဝင်ငွေများ ပိုမိုရရှိရန် အခြားဖုန်းအပလီကေးရှင်းများတွင် ထပ်မံ မှတ်ပုံတင်ရန် စီစဉ်နေသည်။ သူ့ကားတွင် နိုင်ငံခြားသားခရီးသည်များ စီးနင်းသည့်အခါ အင်္ဂလိပ်ဘာသာစကား လေ့ကျင့်ရသည်ကိုလည်း ပျော်ရွှင်နေသည်။



## ခရီးပို့ဆောင်ရေးနှင့် သယ်ပို့ဝန်ဆောင်မှုအပလီကေးရှင်းများနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်း

ခရီးပို့ဆောင်ရေးနှင့် သယ်ပို့အပလီကေးရှင်းများသည် (သီးခြား) နေရာတစ်ခုရှိ အလုပ်လက်ခံနိုင်သော ယာဉ်မောင်းများထံ အလုပ်များ ခွဲဝေပေးသည့် လုပ်ဆောင်ချက်ကို ဆောင်ရွက်သည်။ အလုပ်ခွဲဝေပေးမှုအားလုံးကို စမတ်ဖုန်းအပလီကေးရှင်းမှတစ်ဆင့် ပြုလုပ်ခြင်းဖြစ်ပြီး သင်သည် အပလီကေးရှင်းများ၏ လုပ်ဆောင်ချက် (function) များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေရန် လိုအပ်သည်။ ထိုဖုန်းအပလီကေးရှင်းများအား သုံးရလွယ်ကူစေရန် ဒီဇိုင်းဆွဲထားပြီး ၎င်းတို့၏အဓိကလုပ်ဆောင်ချက်များတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်ပါသည်-

## Online/ offline mode ထားခြင်း

သင်၏ အားလပ်မှုအခြေအနေကို အပလီကေးရှင်းပေါ်တွင် စီမံခန့်ခွဲနိုင်ရန် ဤလုပ်ဆောင်ချက်က ကူညီပေးသည်။ သင်အလုပ်လက်ခံရန် အဆင်သင့်ဖြစ်လျှင် သင်၏အားလပ်မှုအခြေအနေကို ပြသရန် Online Mode ကိုသာ ရွေးချယ်ထားပါ။

## ဘွတ်ကင် လက်ခံခြင်း/ပယ်ဖျက်ခြင်း

ဖုန်းအပလီကေးရှင်းတွင် ဘွတ်ကင်တစ်ခု လက်ခံရရှိသည့်အခါ အလုပ်စတင်နိုင်ဖို့ ဘွတ်ကင်ကို လက်ခံရန်နှင့် ထို့နောက် ခရီးစဉ်အချက်အလက်ကို ရရှိရန် လိုအပ်ပါလိမ့်မည်။ အကောင်းဆုံးခရီးစဉ်များရရှိရန် သင်က မြန်မြန်ဆန်ဆန် လက်ခံရမည်။

## ဘွတ်ကင် အတည်ပြုခြင်း

ခရီးစဉ်လက်ခံပြီးနောက် သင်သည်-

- ခရီးသည် သွားရောက်ခေါ်ယူရမည့်နေရာ
- ခရီးသည် ပို့ဆောင်ရမည့်နေရာ
- ငွေပေးချေမည့်နည်းလမ်း (ငွေသား သို့မဟုတ် ဘဏ်ကဒ်)
- ခရီးစဉ်အတွက်ကျသင့်ငွေ
- ခရီးစဉ်ကြာချိန် စသည့် အချက်အလက်များ လက်ခံရရှိမည်။

## ခရီးလမ်းကြောင်း (Itinerary)

ဖုန်းအပလီကေးရှင်းသည် သင်ခရီးလမ်းကြောင်းမှားခြင်းမရှိစေရန်နှင့် ဓာတ်ဆီ/ ဓာတ်ငွေ့ လောင်စာ များများအသုံးမပြုမိစေရန် အတိုဆုံးခရီးလမ်းကြောင်းကို ပြပေးသည်။ ခရီးသည်လည်း ထိုခရီးလမ်းကြောင်းကို ၎င်းတို့၏ အပလီကေးရှင်းတွင် ကြည့်ရှုနိုင်သည်။

## ခေါ်ယူမည့်အချိန် ကြိုတင်သတ်မှတ်ထားခြင်း

ကြိုတင်စာရင်းပေးသွင်းခြင်းများကို လုပ်ဆောင်နိုင်ပြီး သင့်အား တစ်ပတ်စာ(သို့)တစ်လစာဝင်ငွေကို ခန့်မှန်းနိုင်စေရန် ကူညီပေးနိုင်လိမ့်မည်။

## အရောင်ခြယ်မြေပုံ (Heat map)

ဤမြေပုံသည် ခရီးသည်ရနိုင်ခြေအများဆုံးနေရာများကို သိရှိနိုင်သည့် ကောင်းမွန်သော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ထိုအချက်အလက်သည် တိုက်ရိုက် (Live) ကြည့်ရှုနိုင် သည့်အတွက် သင်သည် ထိုနေရာများတွင် လှည့်လည်မောင်းနှင်၍ အလုပ်များ ပိုမို လက်ခံရရှိနိုင်သည်။

## ဘွတ်ကင်တင်ခြင်းနှင့် ငွေရှင်းခြင်းမှတ်တမ်း

သင်၏နေ့စဉ်(သို့) လစဉ်ဝင်ငွေကို ကူညီတွက်ချက်နိုင်စေရန် ဘွတ်ကင်မှတ်တမ်းကို အပလီကေးရှင်းတွင် ကြည့်ရှုအသုံးပြုပါ။ သင်၏ လုပ်ဆောင်မှုအတွက် ပလက်ဖောင်းထံမှ လုပ်အားခ မည်မျှပေးရန်ရှိသည်ကိုလည်း အပလီကေးရှင်းက ဖော်ပြပေးသင့်သည်။

## ဘေးကင်းမှု၊ လုံခြုံမှုနှင့် ယုံကြည်အားထားရမှုတို့သည် အောင်မြင်မှု၏ သော့ချက်ဖြစ်သည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် ဘေးကင်းမှု၊ လုံခြုံမှုနှင့် ယုံကြည်အားထားရမှုတို့သည် ဝယ်သူ (သို့) ခရီးသည် စိတ်ကျေနပ်မှုရရှိစေနိုင်သည့် အဓိကအကြောင်းရင်းများဖြစ်သည်။ ယာဉ်မောင်းခြင်းနှင့် ဝန်ဆောင်မှုပေးရာတွင် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ လိုက်နာရမည့် စံသတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိသော ယာဉ်မောင်းများသည် အွန်လိုင်းပလက်ဖောင်းတွင် ကြာရှည်စွာ ဆက်လက်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ဝန်ဆောင်မှုပေးရာတွင် စည်းကမ်းချိုးဖောက်မှုများအတွက် ၎င်းတို့ကို ပလက်ဖောင်းမှ ထုတ်ပယ်ခြင်းခံရနိုင်ပြီး ခရီးသည်များ၏ တုံ့ပြန်ချက်များနှင့် လုံခြုံမှုမရှိသောခရီးစဉ်အဖြစ် အကြောင်းကြားမှုများမှတစ်ဆင့် အွန်လိုင်းပလက်ဖောင်းသို့ သတင်းပေးပို့တိုင်ကြားခံရနိုင်သည်။

လမ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းအပြင် အောက်ပါကျွမ်းကျင်မှုဆိုင်ရာ အခြေခံစံသတ်မှတ်ချက်အချို့ကို လိုက်နာရန် လိုအပ်ပါလိမ့်မည်-

- အမြန်နှုန်းသတ်မှတ်ချက်များနှင့် လမ်းအချက်ပြအမှတ်အသားများကို လေးစားလိုက်နာခြင်း
- ယာဉ်တစ်စီးနှင့်တစ်စီးအကြား လုံလောက်သောအကွာအဝေးထားရှိခြင်း
- ထိုင်ခုံခါးပတ်များကောင်း/မကောင်းစစ်ဆေးခြင်း
- ပင်ပန်းသည်ဟု မခံစားရခင် အနားယူခြင်း (အနည်းဆုံး ၂နာရီ တစ်ခါ အနားယူသင့်သည်)
- ယာဉ်မောင်းစဉ် မိုဘိုင်းလ်ဖုန်းအသုံးမပြုခြင်း (လမ်းစည်းကမ်းများနှင့်အညီ ကားမောင်းစဉ် ဖုန်းကို ဖုန်းတင်စင်ဖြင့် ထားရှိရန် ပလက်ဖောင်းများက အကြံပြုထားသည်)
- အရက်မသောက်ခြင်း
- အမြင်အာရုံကို ပုံမှန်စစ်ဆေးခြင်း (သုံးလတစ်ကြိမ် စစ်ဆေးရန် အကြံပြုပါသည်)
- ယာဉ်မောင်းနိုင်စွမ်းကို ထိခိုက်စေနိုင်သောဆေးများ မသောက်သုံးခြင်း
- မတော်တဆမှုများကိုရှောင်ကြဉ်ရန် ယာဉ်ကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း (ဘီး၊ တာယာ၊ ဘရိတ်၊ဆီ စသည်)
- ယာဉ်ကို သန့်ရှင်းသပ်ရပ်အောင်ထားခြင်း

## အထူးအကြံပြုချက်

သင်သည် ယာဉ်မောင်းသူတစ်ဦးဖြစ်သည့်အတွက် သင့်အချိန်အများစုကို လမ်းပေါ်တွင် ကုန်လွန်ရပါလိမ့်မည်။ သင်၏ယာဉ်ကို ‘ရွေ့လျားကြော်ငြာဆိုင်းဘုတ်’ အသွင်ဖြင့် လုပ်ငန်းများကြော်ငြာပေးခြင်းဖြင့် အပိုဝင်ငွေရှာနိုင်ကြောင်း ထည့်သွင်းစဉ်းစားပါ။ သင်၏ Facebook Page ပေါ်မှဖြစ်စေ သို့မဟုတ် သင်ကုန်စည်များ သို့မဟုတ် ပစ္စည်းများကို လုပ်ငန်းများထံသို့ ပို့ဆောင်ရင်းဖြစ်စေ ထိုဝန်ဆောင်မှုအကြောင်းကို လုပ်ငန်းများကို အသိပေးနိုင်သည်။



## ဥပမာဇာတ်လမ်း

### ဝေဖြိုးသည် မြို့တစ်မြို့နှင့် တစ်မြို့အကြား ယာဉ်ပြေးဆွဲနိုင်ပြီ။

ရန်ကုန်က ခရီးသည်များအနက် တစ်ဦးသည် မြို့တွင်းခရီးစဉ်တိုတစ်ခု စီးနင်းရာ၌ ဝေဖြိုးက မည်မျှ ကျွမ်းကျင်ကြောင်းကို Feedback ကို ရေးခဲ့သည်။ ဝေဖြိုးက သူ၏ မြို့တစ်မြို့ မှတစ်မြို့သို့ ပို့ဆောင်ပေးသည့်ဝန်ဆောင်မှုကို ကြော်ငြာနိုင်ရေး Facebook Page တစ်ခုတည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ သူ့ကို လုံခြုံစိတ်ချရသော ယာဉ်မောင်းသူအဖြစ်နှင့် သိရှိလာကြသည်နှင့်အမျှ ရန်ကုန်မှ တောင်ကြီးသို့ ခရီးသွား အဖွဲ့ငယ်များ ပို့ဆောင်ပေးရန် တောင်းဆိုချက်များ လက်ခံရရှိလာသည်။

အွန်လိုင်းအငှားကားဝန်ဆောင်မှုမိုဘိုင်းအပလီကေးရှင်းမှမဟုတ်ဘဲ ဖေ့စ်ဘုတ်မှ ဘွတ်ကင်ရရှိသောခရီးစဉ်များကို လိုက်လံပို့ပေးခြင်းကြောင့် ခရီးစဉ်အတွက် ကျသင့်ငွေကို အပြည့်အဝရရှိသည်။ အသွားအပြန်ခရီးစဉ်တစ်ခုလျှင် တစ်သိန်းခွဲနှင့် နှစ်သိန်းကြားရရှိသည်။ အွန်လိုင်းအငှားကားဝန်ဆောင်မှုမိုဘိုင်းအပလီကေးရှင်းများ၏ ကောင်းမွန်သော လုပ်ငန်းခွင်စံသတ်မှတ်ချက်များကြောင့် ယင်းအပလီကေးရှင်းကို အသုံးပြုချိန်နှင့် အသုံးမပြုချိန်တွင်ပါ ဝေဖြိုးအတွက် အနာဂတ်အလားအလာများကို မြှင့်တင်ပေးနိုင်ခဲ့သည်။

# ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း E-commerce နှင့် နေသားတကျဖြစ်စေခြင်း

ကိုဗစ်- ၁၉ ကပ်ရောဂါသည် လူအများအား နေ့စဉ်ထိတွေ့မှုမှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို အာရုံစိုက်မိစေသည်။ ကပ်ရောဂါဖြစ်နေချိန်တွင် အောက်ပါအချက်များ အပါအဝင် ခရီးပို့ဆောင်မှုနှင့် သယ်ပို့ဝန်ဆောင်မှုအတွက် နည်းလမ်းအသစ်များနှင့် နေသားတကျဖြစ်အောင် ဆောင်ရွက်ရန် အရေးကြီးလှသည်-

### တစ်ကိုယ်ရေသန့်ရှင်းရေး

သင့်ကျန်းမာရေးကို အမြဲမပြတ် ထိန်းသိမ်း စောင့်ကြည့်နေပါ။ သင့်တွင် နှာစေးခြင်း သို့မဟုတ် ချောင်းဆိုးခြင်း ကဲ့သို့သော အပျော့စားအသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ ပေါ်ပေါက်လာပါက အလုပ်မဆင်းပါနှင့်။ အလုပ်လုပ်နေစဉ်တွင် လက်ကို မကြာခဏ ဆေး၍ နှာခေါင်းစည်းတပ်ဆင်ထားပါ။

### ကားသန့်ရှင်းမှု

ခရီးသည်တစ်ဦးဆင်းပြီးတိုင်း သင့်ကားကို ပိုးသတ်ဆေးဖြင့် သန့်ရှင်းပါ။ နှာခေါင်းစည်းမပါသော ခရီးသည်တိုင်းကို နှာခေါင်းစည်း ပေးပါ။

### ထိတွေ့မှုမရှိသည့်သယ်ယူပို့ဆောင်မှု

သယ်ယူပို့ဆောင်ရာတွင် ရောဂါကူးစက်နိုင်သည့် အန္တရာယ်ကို လျှော့ချပေးနိုင်ရန် ထိတွေ့မှုမဲ့သယ်ပို့စနစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိကို သင်၏ပလက်ဖောင်းကို မေးမြန်းပါ။ ဤလုပ်ငန်းစဉ်တွင် ဝယ်ယူသူက အော်ဒါလက်ခံရရှိကြောင်း အတည်ပြုပေးရုံသာဖြစ်ပြီး ပစ္စည်းကို တိုက်ရိုက်ကိုင်တွယ်ရန် မလိုအပ်ပါ။

### ငွေသားမဲ့ဆောင်ရွက်ခြင်း

အွန်လိုင်းငွေပေးချေမှုစနစ်သို့ ပြောင်းလဲရန် အခြားအကြောင်းရင်းတစ်ခုမှာ ငွေစက္ကူကိုင်ခြင်းသည် ဗိုင်းရပ်စ်ကူးစက်နိုင်စွမ်းကို ပိုမိုမြင့်တက်စေနိုင်ခြင်းကြောင့်ဖြစ်သည်။ ငွေသားမဲ့အရောင်းအဝယ်ပြုလုပ်နိုင်ရန် ပလက်ဖောင်းများက ဆောင်ရွက်ပေးသင့်သည်။

### သင် ဂရုစိုက်ကြောင်း ပြသပါ

ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုအတွက် သင့်၏အစီအမံများကို ခရီးသည်များကို ပြောပြပါ။ သင့်တွင် လူမှုကွန်ရက်စာမျက်နှာရှိပါက ယင်းမှတစ်ဆင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်နိုင်ရေး သင်၏ဆောင်ရွက်ချက်များကို ခရီးသည်များနှင့် ကြည့်ရှုသူများကို အသိပေးပါ။

ဥပမာဇာတ်လမ်း

## ယုယုက ထိတွေ့မှုမဲ့သယ်ပို့စနစ်ကို စတင်အသုံးပြုခြင်း။

ဝယ်သူများက ကိုယ်ခန္ဓာချင်း ထိတွေ့ရန်နှင့် ရောဂါကူးစက်နိုင်မည့် အန္တရာယ်ကို ကြောက်ရွံ့ကြသည်ကို ယုယုက သိသည်။ လုပ်ငန်းခွင် စံသတ်မှတ်ချက်များကို သိရှိပြီးဖြစ်သော်လည်း ယခုအခါတွင်  ထိုအချက်များအပြင် ထိတွေ့မှုမရှိသည့် အိမ်တိုင်ရာရောက် သယ်ပို့ပေးသည့်စနစ်ကိုပါ သူမက အသုံးပြုခဲ့သည်။

သယ်ပို့ဝန်ဆောင်မှုလုပ်ထုံးလုပ်နည်းအသစ်အရ ယုယုသည် ပို့ဆောင်မည့်ပစ္စည်းအား လိပ်စာပါအိမ်ရှေ့တံခါးတွင်ချကာ နောက်သို့ပြန်ဆုတ်၍ ဝယ်ယူသူအား ပစ္စည်းယူရန် ဖုန်းဆက်ခေါ်ပါသည်။ စားသောက်ကုန်များအား မချက်ပြုတ်မီ သို့မဟုတ် မစားမီ ဆေးကြောသန့်စင်ရန် နည်းလမ်းများ ပါဝင်သည့် လက်ကမ်းစာစောင်ကိုလည်း ထည့်ပေးသည်။ ယုယု၏ဦးဆောင်လမ်းပြမှုဖြင့် ယခုအခါ  ထိုထိတွေ့မှုမဲ့သယ်ပို့စနစ်ကို ယာဉ်မောင်းအားလုံးလိုက်နာရမည်ဟု သယ်ပို့ပလက်ဖောင်းက သတ်မှတ်လိုက်သည်။



# ဥပဒေများကို လိုက်နာခြင်း

အွန်လိုင်းပလက်ဖောင်းတစ်ခုတွင် သယ်ပို့သူ (သို့) ခရီးသည်တင်ယာဉ်မောင်းအဖြစ် ဆောင်ရွက်နိုင်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်း၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် ပေါ့ဆမှုအတွက် တာဝန်ယူခြင်း အပါအဝင် အခြားသော စီးပွားရေးသဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးခြင်း (အငြင်းပွားမှု ဖြေရှင်းခြင်း အပါအဝင်) စသော ပြည်သူများ လိုက်နာရမည့် ဥပဒေများနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများအားလုံးကို လိုက်နာရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ စားသုံးသူကာကွယ်ရေးဥပဒေ အသစ်ကိုလည်း လိုက်နာကျင့်သုံးရမည်။ ဆိုလိုသည်မှာ သင်သည် ခရီးသည်နှင့် စားသုံးသူများကို ကုမ္ပဏီ၏ အထောက်အထား (Identity)နှင့် ငွေပေးချေမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ခေါ်ယူမှု ပယ်ဖျက်ခြင်းနှင့် ပြန်အမ်းငွေပေးအပ်ခြင်း ကဲ့သို့သော အချက်အလက်များ အပါအဝင် အခြားလိုအပ်သည့်အချက်အလက်များကို စားသုံးသူများထံသို့ တိကျစွာ ပေးရမည်။ ဤကိစ္စနှင့်ပတ်သက်၍ အွန်လိုင်းသယ်ပို့ပလက်ဖောင်းက သင့်ကို အကြံဉာဏ်များပေးနိုင်လိမ့်မည်။

အွန်လိုင်းတွင် ရောင်းချသော ကုမ္ပဏီများ လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို လက်ရှိတွင် ရေးဆွဲနေဆဲဖြစ်သည်။ အပြီးသတ်မရေးဆွဲရသေးသည့် E-commerce ဥပဒေသစ်အရ E-commerce လုပ်ဆောင်သည့်လုပ်ငန်းများ မှတ်ပုံတင်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ အွန်လိုင်းအသုံးပြု ရောင်းချသည့်လုပ်ငန်းများသည်လည်း သာမန်နည်းလမ်းများဖြင့် အရောင်းအဝယ်လုပ်သည့် ကုမ္ပဏီများကဲ့သို့ပင် အခွန်ဆိုင်ရာဥပဒေများက အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သင် ကြိုတင်တွက်ဆနိုင်ပါသည်။ သင်သည် သယ်ပို့ပလက်ဖောင်းတစ်ခုနှင့်ချိတ်ဆက်ပြီးပါက အချက်အလက်များကို ကာကွယ်နိုင်ရေး မည်သို့ကူညီပေးနိုင်သည်ကို မေးမြန်းသင့်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

ကမ္ဘာအနှံ့ရှိ နိုင်ငံများတွင် ကုန်စည်သယ်ပို့သူ (သို့) ခရီးသည်ပို့ဆောင်သူယာဉ်မောင်းများ ကြုံတွေ့နေရသည့် ဥပဒေဆိုင်ရာ ပြဿနာအချို့လည်း ရှိသေးသည်။ ဥပမာ သယ်ပို့ဝန်ဆောင်မှု အပလီကေးရှင်းအများစုတွင် ပို့ဆောင်သူများကို 'ဝန်ထမ်း'အဖြစ် သတ်မှတ်ခြင်းမပြုဘဲ ပုံမှန်ဝန်ထမ်းလစာကိုလည်းပေးမည်မဟုတ်ပါ။ ထို့အပြင် ယာဉ်မတော်တဆမှုဖြစ်ခဲ့လျှင် သယ်ပို့ကုမ္ပဏီ သို့မဟုတ် ပို့ဆောင်ရေးကုမ္ပဏီဘက်က မည်သို့တာဝန်ယူမည်နည်း။ အကယ်၍ ယာဉ်မောင်းစဉ် သင်ထိခိုက်ဒဏ်ရာရရှိခဲ့သော် ယင်းကုမ္ပဏီက တစ်စိတ်တစ်ပိုင်း တာဝန်ယူနိုင်ပါသလား။ ဤသို့သော ဥပဒေရေးရာ ပြဿနာများကို ကမ္ဘာအနှံ့တွင် လူအများက အချေအတင်ဆွေးနွေးနေကြပြီး အချိန်အတိုင်းအတာတစ်ခုတွင် ပြောင်းလဲသွားမည်။

# ငွေပေးချေခြင်း

သင်သည် အွန်လိုင်းသယ်ပို့ဝန်ဆောင်မှု (သို့) ခရီးပို့ဆောင်ရေးပလက်ဖောင်းတစ်ခုနှင့် ချိတ်ဆက်ထားပါက ယင်းပလက်ဖောင်းသည် အွန်လိုင်းမှ ငွေပေးချေမှုကို လက်ခံနိုင်သည့်ဝန်ဆောင်မှုတစ်ခုကို ပေးနိုင်ဖွယ်ရှိသည်။ များသောအားဖြင့် ဝယ်သူများက လက်ငင်းငွေပေးချေမှုကဒ် (Debit Card) (သို့) အကြွေးဝယ်ခွင့်ကဒ် (Credit Card) များအသုံးပြု၍ အပလီကေးရှင်းမှတစ်ဆင့် ငွေပေးချေနိုင်ရန် ပလက်ဖောင်းက ဆောင်ရွက်ပေးပြီး ရောင်းချရငွေကို စုစည်းကာ သင့်ကုမ္ပဏီ၏ ဘဏ်အကောင့်ထဲသို့ ပေးချေရမည့်ပမာဏအား တိုက်ရိုက်လွှဲပြောင်းပေးပို့ပေးသည်။ WavePay ကဲ့သို့သော ဒီဂျစ်တယ်ပိုက်ဆံအိတ်များမှတစ်ဆင့် သင်၏ ဒီဂျစ်တယ်ပိုက်ဆံအိတ်ထဲသို့ တိုက်ရိုက်လွှဲပြောင်းပေးခြင်းဖြင့် သင့်ကို ငွေပေးချေနိုင်ရန် အချို့ကုမ္ပဏီများက ဆောင်ရွက်ပေးသည်။

ခရီးသည်ပို့ဆောင်ခြင်းအတွက ခရီးသည်က မည်သည့်ပုံစံဖြင့် ငွေပေးချေမည် (အွန်လိုင်း သို့မဟုတ် ငွေသား) ကို အပလီကေးရှင်းမှတစ်ဆင့် ဘွတ်ကင်အတည်ပြုချက်ရယူရာတွင် ရွေးချယ်စေသင့်သည်။ အစိုးရနှင့် ကုမ္ပဏီကြီးများက ထိုသို့သော ငွေပေးချေမှုများကို အွန်လိုင်းစနစ်သို့ ကူးပြောင်းရန် ကြိုးပမ်းအားထုတ်မှုများရှိသည်။ အွန်လိုင်းမှ ငွေပေးချေခြင်းသည် ငွေစက္ကူများ ကိုင်ဆောင်ခြင်းမှတစ်ဆင့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုဖြစ်နိုင်ခြေကို ရှောင်ရှားနိုင်သည်။

သင်ကိုယ်တိုင် အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ရောင်းချမည်ဆိုပါက ကုန်သည်များ ရယူသုံးစွဲနိုင်သော ဝန်ဆောင်မှုအမျိုးအစားများကို ဘဏ်တွင် ရှေးဦးစွာ စုံစမ်းသင့်သည်။ လုပ်ငန်းတစ်ခုအဖြစ် ပေးချေမည့်ငွေအား လက်ခံရန်ဘဏ်စာရင်း (Merchant Account) ဖွင့်လှစ်ခြင်းနှင့် သုံးစွဲသူများ၏ ပေးချေမှုများနှင့် ထိုဘဏ်စာရင်းကို ချိတ်ဆက်ရန် Payment Gateway အသုံးပြုခြင်း တို့ ဤအဆင့်တွင် ပါဝင်လိမ့်မည်။ ငွေပေးချေမှုများကို ကောက်ခံနိုင်ပြီး ချိတ်ဆက်ဘဏ်အကောင့်များသို့ တိုက်ရိုက်ငွေရှင်းနိုင်မည့် Merchant Account ကို ဝန်ဆောင်မှုပေးနိုင်သော WavePay ကဲ့သို့သော ဒီဂျစ်တယ်ပိုက်ဆံအိတ် Digital Wallet များနှင့်လည်း ဆွေးနွေးနိုင်သည်။



GOOD PRACTICE GUIDE

# နောက်ထပ်သတင်းအချက်အလက်များ

အောက်ပါကုမ္ပဏီများသည် ဤလမ်းညွှန် ရေးဆွဲရာတွင် အချက်အလက်ထောက်ပံ့ပေးသူများအဖြစ် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ၎င်းတို့၏ လုပ်ငန်းများအကြောင်း ထပ်မံသိရှိလိုပါက ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သင်၏ ကုမ္ပဏီသည် ထပ်မံရေးဆွဲမည့်လမ်းညွှန်များ၊ အသိပညာပေးစာစောင်များတွင် အချက်အလက်ထောက်ပံ့ပေးသူအဖြစ် ပါဝင်လိုပါက tradeworthy.com သို့မဟုတ် MoC Digital Trade Unit (digitaltradeunit.dot@gmail.com) သို့ ဆက်သွယ်နိုင်ပါသည်။

Designed by Richie Chan (richiechan.01@gmail.com)